## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ (၂၉-၆-၂၀၂၆)
## မေးမြန်းခဲ့သော မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁။ | **ဦးထွန်းထွန်းနိုင်၊ စဉ့်ကိုင်မဲဆန္ဒနယ်က** စဉ့်ကိုင်မြို့နယ် စော်ရဲ မူလကတ္တရာလမ်းအား (၁၈)ပေ တိုးချဲ့ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာနက** ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ကတ္တရာခင်းရန်ကျန်ရှိသည့် ကျောက်ခင်းလမ်း ၃ ဖာလုံ ကတ္တရာခင်းခြင်းအား ပထမဦးစားပေးအဖြစ်လည်းကောင်း၊ လမ်းအကျယ်ချဲ့ခြင်းအား ဒုတိယဦးစားပေးအဖြစ်လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၂။ | **ဦးမိုးမြင့်၊ သန်လျင်မဲဆန္ဒနယ်က** တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် နိုင်ငံ့ဝန်ထမ်းများ လုပ်သက်ပြည့် အငြိမ်းစားယူချိန်တွင် နေထိုင်ရန် အိုး/အိမ်နေရာများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာနက** ၎င်းတို့အတွက် နေထိုင်ရန် အိုးအိမ်နေရာများကိုအစီအစဉ်တစ်ရပ်အနေဖြင့် သီးခြားဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးသော်လည်း ပြည်သူ့အငှားအိမ်ရာစီမံကိန်းနှင့် စစ်မှုထမ်းဟောင်းအိမ်ရာ စီမံကိန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုပ်သက်ပြည့်အငြိမ်းစားများအတွက်အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး ပုဂ္ဂလိကဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၃။ | **ဦးမြင့်ကို၊ တနိုင်းမဲဆန္ဒနယ်က** တနိုင်းမြို့နယ်၊ ရှင်ဗွေယန်မြို့မှ စစ်ကိုင်းတိုင်း နယ်ခြားအထိ တောင်ပေါ်လမ်း(၁၅)မိုင်အား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာနက** ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လာမည့်ဘဏ္ဍာနှစ်များတွင် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၄။ | **ဦးဆင်ဆုန်း၊ ခေါင်လန်ဖူးမဲဆန္ဒနယ်က** ပူတာအို-မဂွေဇ-ခေါင်လန်ဖူး လမ်းပေါ်ရှိ မေခမြစ်ကူး ရီဒမ်းတံတားအား အပြီးသတ် တည်ဆောက်ရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာနက** ၅၇ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည့် ရီဒမ်းတံတား အတွက် လိုအပ်သည့် လျာထားတည်ဆောက်ရေးပစ္စည်းများ ကြိုတင်စုပုံထား ရှိပြီးဖြစ်ပါကြောင်းနှင့် ဆောလျင်စွာ အပြီးသတ်တည်ဆောက်နိုင်ရေးအတွက် ပို၍အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |